အကြို-မူလတန်း

Public education
**Discover a world of opportunities**

# စာဖတ်ခြင်း - အိမ်တွင် လေ့လာသင်ယူခြင်း

## စာဖတ်ရှုခြင်း အဆင့်များ

သင့်ကလေးသည် သူတို့စာဖတ်ရန် လေ့လာသင်ယူသည့်အခါ အမျိုးမျိုးသော အဆင့်များကို ဖြတ်ကျော်ရပါသည်။ ကလေးများသည် အမျိုးမျိုးသော နည်းလမ်းများနှင့် အမျိုးမျိုးသော နှုန်းများအရ စာသင်ယူသည်ကို သတိပြုပါ၊ ထို့ကြောင့် စိတ်ရှည်ရှည်ထားပါ၊ သင့် ကလေး၏ ကြိုးစားအားထုတ်မှုကို အားပေးတိုက်တွန်းပါ။

> **သင့် ကလေး အမှန်တကယ် ကြိုက်နှစ်သက်မည့် အရာများကို ဖတ်ပါ သို့မှသာ သူတို့သည် စာဖတ်ခြင်းကို နှစ်သက်ရန် သင်ယူလေ့လာမည်။**

### ဦးဆောင်၍လုပ်သည့် စာဖတ်သူများ

သင့်ကလေး ကြီးထွားလာပြီး ဖွံ့ဖြိုးလာစဉ် သူတို့သည် သူတို့အနီးတစ်ဝိုက်တွင် မြင်တွေ့သည့် စာအုပ်များနှင့် စကားလုံးများကို စိတ်ဝင်စားရန် အစပြုလာသည်။

သူတို့သည် စာအုပ်များကို ထောင်၍ကိုင်ခြင်းအားဖြင့်၄င်း၊ စာရွက်များကို ဂရုတစိုက် လှန်ခြင်းဖြင့်၄င်း၊ ပုံဇာတ်လမ်းများကို ပြန်ပြောပြရန် ရုပ်ပုံများန င့်သူတို့၏မှတ်ဉာဏ်ကို အသုံးပြုပြီး စာဖတ်ချင်ဟန်ဆောင်ခြင်းဖြင့်၄င်း သင့်အား အတုခိုးစ ပြုကောင်းပြုလာမည်ဖြစ်သည်။ သူတို့သည် စာအုပ်၏ ရှေ့ဖုံးနှင့်နောက်ကျော အကြား ကွာခြားချက်ကိုလည်း လေ့လာသင်ယူသည်၊ စာလုံးများနှင့် ရုပ်ပုံများကို နားလည် သည်၊ ပုံနှိပ်စာလုံးများတွင် အမှာသတင်းများ ပါဝင်နေသည်ကို နားးလည်သည်။

သင်သည် သင့်ကလေးအား အောက်ပါတို့ကို လုပ်ခြင်းဖြင့် အထောက်အပံ့ပေးနိုင်သည်-

- သူတို့နှင့်အတူ နေ့စဉ် စာဖတ်ပေးခြင်း
- စာဖတ်ချင်ဟန်ဆောင်သည့် အားထုတ်မှု တစ်ခုခုကို အားပေးတိုက်တွန်းခြင်းနှင့် ချီးမြှောက်ပေးခြင်း
- ရုပ်ပုံများသည် ပုံဇာတ်လမ်းအကြောင်းကို ကူညီပြောပေးကြောင်း သူတို့အား ပြသခြင်း
- သူတို့ အကြိုက်နှစ်သက်ဆုံး ပုံဇာတ်လမ်းအကြောင်း ကိုထပ်ခါတလည်လည်ဖတ်ပြပေးခြင်း - ယဉ်ပါးခြင်း သည် ပင်ကိုယ်စိတ်ချမှုကို မြှင့်တင်ပေးသည်။
- သူတို့ အမှားများကို လုပ်သည့်အခါ မဝေဖန်ခြင်း - စာဖတ်ရန် လေ့လာသင်ယူခြင်းသည် အချိန်ယူပါသည်။

### စူးစမ်း၍ဖတ်သည့် စာဖတ်သူများ

ဤအဆင့်အနေအထားတွင် သင့်ကလေးသည် များသော အားဖြင့် ရုပ်ပုံ များကိုကြည့်ခြင်းအားဖြင့်နှင့် ပုံဇာတ်လမ်းကို သူတို့၏မှတ်ဉာဏ်ကိုသုံးခြင်း အားဖြင့် ဖတ်ရှုကြသည်။ သူတို့သည် စကားလုံးအချို့ကိုလည်း မှတ်မိသည် သို့သော် သူတို့၏ အာရုံမှာ စကားလုံးများကို အသေအချာ ဖတ်သည်ထက် စာသား၏အဓိပ္ပါယ်ကို ပို၍အာရုံစိုက်သည်။

သင်သည် သင့်ကလေးအား အောက်ပါတို့ကို လုပ်ခြင်းဖြင့် အထောက်အပံ့ပေးနိုင်သည်-

- သူတို့နှင့်အတူ နေ့စဉ် စာဖတ်ပေးခြင်း
- သူတို့အား စာဖတ်ရန်တိုက်တွန်းပေးခြင်းနှင့် သူတို့၏ အားထုတ်မှုကို ချီးမြှောက်ပေးခြင်း
- သူတို့နှင့်အတူ အသံများ၊ စာအုပ်များရှိ စကားလုံးများနှင့်စိတ်ဝင် စားစရာကောင်းသည့် အသွင်အပြင်များအပြင် ကဗည်းစာတန်းများ၊ ဈေးဝယ်စာရင်းများနှင့် သတင်းစာများကဲ့သို့ စာတန်းများ တို့အကြောင်းကို ပြောဆိုပေးခြင်း
- စာအုပ်၏ သရုပ်ဆောင်များနှင့် ဇာတ်လမ်း ဇာတ်ကွက် အကြောင်းတို့ကို သူတို့နှင့်အတူ ပြောဆိုပေးခြင်း
- ပုံဇာတ်လမ်းတွင် ဘာဖြစ်မည့်အကြောင်း အကြံဉာဏ်များပေးရန် သူတို့အား အားပေးတိုက်တွန်းခြင်း
- သူတို့၏ ကြိုက်နှစ်သက်သော ပုံဇာတ်လမ်းများကို အကြိမ်ကြိမ် ဆက်လက်ဖတ်ရှုပေးခြင်း

> **ရုပ်မြင်သံကြားကို ပိတ်လိုက်ပါ။ စိတ်အာရုံပြောင်းမည့်အရာများ မရှိပါက စိတ်အာရုံစိုက်ရန် သင့်ကလေး အတွက် ပိုမိုလွယ်ကူသည်။**

Department of
**Education**

**သင် ပိုမို၍ တွေ့လိမ့်မည်**
**အိမ်တွင် လေ့လာသင်ယူရန် အချက်အလက်စာချပ်လွှာ**
**education.wa.edu.au.**

© Department of Education, Western Australia, 2015

CC BY